# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၂၆ - ၈ - ၂၀၁၁ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်တွင် လွတ်လပ်စွာ ကျွန်းသစ်စိုက်ခွင့်ပြုရေး** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရခိုင်ပြည်နယ်၊ သံတွဲမြို့ချောင်းမှာ သဲသောင်များ ပေါ်ထွန်းလာသဖြင့် နှစ်စဉ် ရေကြီးဒုက္ခနှင့် တွေ့ကြုံနေရသည့် ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) ၏ **မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ၏ ရေဘေးအန္တရာယ် တားဆီးကာကွယ်ရန် မြစ်ကမ်း မြေထိန်းကျောက်နံရံ တည်ဆောက်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **လက်ကိုင်တယ်လီဖုန်း အသုံးပြုခကို သင့်တင့်သည့်နှုန်းသို့ ပြင်ဆင်သတ်မှတ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ၏ **ရေနံချောင်း မြို့နယ်၊ ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ လွန်ပင်ရှိုကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၊ ဖောင်းကွဲကျေးရွာအုပ်စု ဖောင်းကွဲ ကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း နှင့် ကံကြီးကျေးရွာ အုပ်စု ကံကြီးကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း တို့အား အလယ်တန်းကျောင်းခွဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လက်ပံတန်း မြို့နယ်နှင့် သာယာဝတီမြို့နယ်တို့မှ မူလတန်းကျောင်း(၁၂)ကျောင်းသည် ဥပမိရုပ် မကောင်းသဖြင့် ကျောင်းသူကျောင်းသားများ စာသင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရပါ၍ လာမည့် ဘဏ္ဍာရေးနှစ် သို့မဟုတ် သင့်တော်မည့် ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မောင်တောမြို့ ပေါ်ရှိ အမှတ်(၁)အစိုးရအလယ်တန်းကျောင်းကို အစိုးရအထက်တန်းကျောင်းခွဲ အဖြစ် အဆင့်တိုးမြှင့်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ၏ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်း နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာခင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ )

( ခ ) ဒေါက်တာဗညားအောင်မိုး ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇ )

( ဂ ) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)

၇။ ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ၏ **စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်း သင့်သော (က) မြန်မာနိုင်ငံ ကုန်အမှတ်အသား ဥပဒေ၊ (ခ) လယ်ယာထွက်ကုန် စျေးကွက်များ အက်ဥပဒေ၊ (ဂ) ၁၉၄၇ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေ၊ (ဃ) တင်း တောင်း စံ ပမာဏ အက်ဥပဒေ တို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်း နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

- ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)

၈။ ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ၏ **ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့် သော (က) The Myanmar Telegraph Act(1885) ၊ (ခ) The Myanmar Post**

**Office Act (1989) ၊(ဂ) The Myanmar Wireless Telegraphy Act (1933) တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်း နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

- ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

၉။ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက်** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်း နှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးမြအုန်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၈ )

( ခ ) ဦးဂျေယောဝူ ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၂ )

၁၀။ ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ၏ **သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝ ကာကွယ် ပေးနိုင်ရေး အတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန်ရှိပါက ရှင်းလင်းဆွေးနွေးခြင်း။

၁၂။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ **ပို့ဆောင်ရေး ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစားအဆင့်အလိုက် ပြင်ဆင်ရေးဆွဲ ပြုစုရေး ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၄။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန်ရှိပါက ရှင်းလင်းဆွေးနွေးခြင်း။

၁၅။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၆။ ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ၏ **ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့် သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၇။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန်ရှိပါက ရှင်းလင်းဆွေးနွေးခြင်း။

၁၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၉။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ၏ **လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ ဖလှယ်နှုန်းအမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်နှုန်းဖြစ်လာစေရန်လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၂၀။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန်ရှိပါက ရှင်းလင်းဆွေးနွေးခြင်း။

၂၁။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၂၂။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၂၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၂၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။